## *Dangerous Site*

-------------------

http://gtalkbomber.mail2customer.com ဆိုတဲ့လင့်ကိုမနှိပ်မိပါစေနဲ့ ။
အဲဒီဆိုက်ကိုဝင်ပြီး သင့်ရဲ့ email account နှင့် password
ကိုအသုံးပြုဝင်လိုက်သည်နှင့်တပြိုင်နက် သင့်၏ mail account ဖြင့် အခြားလူများကို mail
ပို့ခြင်း သင့်၏ password ကိုခိုးယူပြီး သင်၏အချက်အလက်များကို
ခိုးယူဖတ်ရှုခြင်းများပြုလုပ်နိုင်ပါသည်။ ဝင်လာ တဲ့မေး(စ်)ကို သေချာစိစစ်ပြီးမှ ဖွင့်ကြည့်ဖို့
သတိပေးလိုပါတယ်။

## *Virus Alam !!!*

------------------

တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားရဲ့ အကြောင်းကြားချက်နဲ့ Email
စာတစ်စောင်ဝင်လာရင် Email မှာပါလာ တဲ့ attached File ကို လုံးဝ(လုံးဝ) မဖွင့်မိဖို့
Sophos အမည်ရှိ ကွန်ပျူတာလုံခြုံရေးနည်းပညာ ကုမ္ပဏီတစ်ခုက သတိပေးထားပါတယ်။
ဗိုင်အမျိုးအစားကတော့ Attached File ဖြစ်ပြီး အမည်ကတော့ ddhlburma_001.dot
ဖြစ်ပါတယ်။

**ကို Song ထံမှပြန်လည်ကူးယူဖော်ပြပါသည်။**

## *Myanmar Virus*

----------------------

ယူဆချက်ပေါ့ဗျာ ကျွန်တော်အမှန်အတိုင်းဝန်ခံရရင်
မြန်မာနိုင်ငံကရေးတာဟုတ်မဟုတ်မသိဘူး။ ဒါပေမဲ့ ကျွန် တော်ကို
အလုပ်တော်တော်ပေးသွားတယ်။ တစ်ချို့က
ဆိုရင်မြန်မာကကောင်တွေတော်လိုက်တာလို့ချီးကျူးကြ တယ်။ အင်းလူတော်တယ်
လူကောင်းတွေမှမဟုတ်တာ သူတစ်ပါးအကျိုးပျက်စီးရာပျက်စီးကြောင်းလုပ်တဲ့လူ တွေ
လူကောင်းရှိရင် လူဆိုးကတော့ရှိရမှာပဲ လောကနိယာမပေါ့။
ဗိုင်းရပ်(စ်)နာမည်တွေကတော့ Happy Birthday, one missed call,
အခုနောက်ဆုံးထွက်လာတာကတော့ Thyamyo Hacking ဗိုင်းရပ်(စ်)တွေပဲ။
တိုက်ခိုက်ဖျက်စီးတဲ့ပုံစံကတော့ တစ်ခုနဲ့တစ်ခုသိပ်မကွာပါဘူး စက်ကို restart
လုပ်လိုက်ရင် စက်မတက်တော့ တာ ntldr missing လို့ပဲပြနေတာ, စက်လေးနေတာ,
keyboard တွေ mouse တွေနှိပ်လို့မရတော့တာ ဘက်ပေါင်းစုံကနေတိုက်ခိုက်တာပါပဲ။
တစ်ချို့ဆိုရင် ဗိုင်းရပ်(စ်)ထိသွားပြီးမှ ဗိုင်းရပ်(စ်) update လုပ်ချင်ရတာ နဲ့ ဘယ်
Antivirus ကပိုမိုသလဲ ဆိုပြီး အပြေးအလွှားဖြစ်နေကြတယ်။ တစ်ချို့customerတွေဆို
ကျွန်တော်ကို အပြစ်တင်ချင်နေကြတယ်။ မသိရင်ကျွန်တော်တို့ မကျွမ်းကျင်လို့ သူ့ရဲ့

စက်ကို ဗိုင်းရပ်(စ်) ခဏခဏဝင်ပါတယ် ဆိုပြီးတော့ အဲဒီလိုထင်နေကြတယ်။ရှိသမျှ Removal disk လာထား စက်မှာထိုး ဗိုင်းရပ်(စ်) Scan လည်းမလုပ် ဗိုင်းရပ်(စ်) update ကလည်း ဆိုင်ကို ဆားဗစ်လာလုပ်ကတည်းက တစ်ကြိမ်ပဲ update ဖြစ်ပြီး နောက်ပိုင်းမှာလုံး ဝ update မလုပ်ထားတော့ ဗိုင်းရပ်(စ်) ထိတော့တာပေါ့။ မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ဖို့လိုအပ်တယ် ပြောရင်းနဲ့ ရေငတ်လာတယ် (ရေသွားသောက်လိုက်သည်) Antivirus လိုင်စင်ဝယ် update သေချာလုပ် လိုအပ်သလို Scan စစ်ပေး နို့မဟုတ်ရင်တော့ မိမိရဲ့စက်ကို အထီးကျန်ထားထား မည်သည့် Removal disk မှ မထိုးလေနဲ့။ကာကွယ်ခြင်းသည်ကုသခြင်းထက်ပိုမိုထိရောက်ပါသည်။